# ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ

# ပညာရေးဌာန၏ တစ်နှစ်ပြည့်အစီရင်ခံစာ



EDUCATION DEPARTMENT

**Interim Executive Council**
**Of Karenni State**

## (2023-2024)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၂ |
| ၂ | ရည်ရွယ်ချက် | ၃ |
| ၃ | ဖွဲ့စည်းပုံ | ၄ |
| ၄ | ပညာရေးဌာန၏ တစ်နှစ်အတွင်း ဆောင်ရွက်မှုလုပ်ငန်းများ | ၅ |
| ၅ | ၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်တွင် ပြည်နယ်အတွင်း ကျောင်းဖွင့်လှစ်နိုင်မှုပြဇယား | ၆ |
| ၆ | CDM များ၏ ပါဝင်မှုနှင့် မြို့နယ်အဆင့် ပညာရေး ရွေးကောက်ပွဲများဆောင်ရွက်ခြင်း | ၇ |
| ၇ | ပညာရေးကဏ္ဍတွင် အမျိုးသမီးပါဝင်မှု | ၉ |
| ၈ | ပံ့ပိုးကူညီမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ | ၁၀ |
| ၉ | အဆင့်မြင့်ပညာအခန်းကဏ္ဍ ဆောင်ရွက်မှုများ | ၁၃ |
| ၁၀ | အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၁၄ |
| ၁၁ | စိန်ခေါ်မှုများ | ၁၅ |
| ၁၂ | ရှေ့လုပ်ငန်းစဉ် | ၁၆ |
| ၁၃ | နိဂုံး | ၁၇ |
| | | |


Interim Executive Council
Of Karenni State

**၁။ နိဒါန်း**

ခေတ်အဆက်ဆက်က အာဏာရှင်စနစ်ဆိုး၏ ဒဏ်ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် လွန်စွာနိမ့်ကျခဲ့ရသည်။ အထူးသဖြင့် ပညာရေးတန်းတူအခွင့်အရေးကို မရခဲ့ကြသော တိုင်းရင်းသားဒေသများကဲ့သို့ပင် ကရင်နီပြည်၏ ပညာရေးအခြေအနေသည်လည်း ဆိုးဝါးစွာနိမ့်ကျခဲ့ရသည်။ ၂၀၂၁ ခုနှစ်တွင် စစ်တပ်၏လက်နက်အားကိုး မတရားအာဏာသိမ်းချိန်မှစ၍ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကြပြီး နိုင်ငံနှင့်အဝန်းဆန္ဒပြမှုများ၊ သပိတ်မှောက်မှုများပေါ်ပေါက်လာခဲ့သည်။ နောက်ဆုံးတွင် လက်နက်စွဲကိုင်တိုက်ပွဲဝင်ကြသည်အထိ တော်လှန်ရေးအခြေအနေပြင်းထန်လာခဲ့သည်။ နိုင်ငံ့ဝန်ထမ်း ဆရာ/မများ နှင့် ကျောင်းသား/သူများသည်လည်း စစ်ကျွန်ပညာရေးစနစ်ဆိုးကိုဆန့်ကျင်တော်လှန်သည့် အနေဖြင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movements CDM)များ ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်မှစ၍ တရားမဝင်အာဏာသိမ်းစစ်တပ်၏ အုပ်ချုပ်ရေးယန္တရားများသည် အလုံးစုံပျက်သုန်းခဲ့ရပြီး၊ ပညာရေးသင်ကြားရေးစနစ်သည်လည်း အဆုံးစွန်ပျက်သုန်းခဲ့ရလေသည်။

ထိုသို့သော အခြေအနေများတွင် ပညာသင်ကြားခွင့်ဆုံးရှုံးခဲ့ရသော ကျောင်းသူ၊ ကျောင်းသားများအတွက် စဉ်ဆက်မပြတ်ဆက်လက်ပညာသင်ကြားခွင့် ပြန်လည်ရရှိစေရန် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ မဖွဲ့စည်းမီကာလနှင့် ဖွဲ့စည်းပြီးနောက်ပိုင်း အတူလက်တွဲဆောင်ရွက်ခဲ့ကြသော ပြည်သူ့အခြေပြုကျောင်းများ၊ တိုင်းရင်းသားပညာရေးအစုအဖွဲ့များ၊ ပုဂ္ဂလိကကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရေးအခြေပြုကျောင်းများနှင့် အခြားသော ပညာရေးအစုအဖွဲ့များ၏ ကြိုးစားအားထုတ်မှုများကို အုပ်ချုပ်ရေးကောင်စီ၏ ပညာရေးဌာနမှ အထူးလေးစားဂုဏ်ပြု အသိအမှတ်ပြုအပ်ပါသည်။

ကရင်နီပြည်၏ ပညာရေးမူဝါဒပေါ်ပေါက်လာရေးအတွက် အဖက်ဖက်မှကူညီပံ့ပိုးပေးခဲ့ကြသော တတ်သိပညာရှင်များ၊ ပြည်တွင်း/ပြည်ပမှအလှူရှင်များ၊ ကရင်နီပြည်နယ်အတွင်းရှိ ပညာရေးအစုအဖွဲ့များနှင့် မိဘပြည်သူများ၊ ဘုန်းတော်ကြီးများနှင့် ရဟန်းရှင်လူများကိုလည်း အထူးလေးစား ဂုဏ်ပြုအပ်ပါသည်။ အထူးသဖြင့် ပြည်သူ့အခြေပြုကျောင်းများ ပေါ်ထွန်းလာရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ကြသော မြို့နယ်ပညာရေးဘုတ်အဖွဲ့များ၊ ဆရာ/ဆရာများမသမဂ္ဂအဖွဲ့များ၊ CDM ဆရာ/ဆရာမများ၊ Volunteer ဆရာ၊ ဆရာမများ၊ ပြည်သူ့ကျောင်း ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူနှင့် ပညာရေးအစုအဖွဲ့များအားလုံးကိုလည်း အထူးလေးစား ဂုဏ်ပြု အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## ၂။ ရည်ရွယ်ချက်

မိမိတို့ပညာရေးဌာန၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၂) ပညာရေးလွတ်လပ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရန်။

(၃) အာမခံချက်ရှိပြီး အရည်အသွေးရှိသော ပညာရေးစနစ်ကိုဖော်ဆောင်ရန်။

(၄) မိခင်ဘာသာ စကားအခြေပြု၊ ဘာသာစကားစုံ တိုင်းရင်းသားဘာသာ စကားအခြေပြုသင်ကြားရေး စနစ်ကို အကောင်အထည်ဖော်ဆောင်ရန်။

(၅) လူတိုင်း အကြုံးဝင်၊ မသင်မနေရ၊ အခမဲ့အခြေခံပညာရေး စနစ်ကို ဖော်ဆောင်ရန်။

(၆) ဗလ (၅) တန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရန်။

(၇) အရည်အသွေးရှိသော ပညာရေးစနစ်ပေါ်ထွန်းလာရေးအတွက် အရည်အသွေးရှိသော သင်ရိုး ညွှန်းတမ်း၊ သင်ကြားရေးစနစ်၊ စစ်ဆေးတိုင်းတာခြင်းနှင့် အရည်အသွေးရှိသော သင်ကြားရေး ဆရာ၊ ဆရာမများ ပေါ်ထွန်းလာစေရန်။


(၈) ဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရေးအတွက် အရည်အသွေးရှိသော နိုင်ငံ့သားကောင်း ခေတ်ပညာတတ် လူကောင်းလူတော်များ မွေးထုတ်ပေးရန်။

(၉) လွတ်လပ်စွာ ကြောင်းကျိုးဆက်စပ် တွေးခေါ်စဉ်းစားတီထွင်ဆန်းစစ်ပြီး ပြဿနာများကို ကိုယ်တိုင်ဖြေရှင်းနိုင်သည့် ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကို ဖော်ဆောင်ရန်။

Interim Executive Council
Of Karenni State

## ၃။ ဖွဲ့စည်းပုံ

IEC Department Of Education Structure



## ၄။ ပညာရေးဌာန၏ တစ်နှစ်အတွင်း ဆောင်ရွက်မှုလုပ်ငန်းများ

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပညာရေးဌာနသည် ကြားကာလ (တော်လှန်ရေးကာလ) အတွင်း ပြည်နယ်အတွင်းရှိကျေးရွာများနှင့် စစ်ဘေးရှောင် (IDP-Camp) များတွင် ကလေးသူငယ်များ ပညာသင်ကြားခွင့် မဆုံးရှုံးစေရေးအတွက် CDM ဆရာ၊ ဆရာမများ ၊ Volunteers ဆရာ၊ ဆရာမများ၊ မြို့နယ်ပညာရေးဘုတ်အဖွဲ့များ၊ ဆရာများသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများ၊ ပညာရေးဝန်ဆောင်မှုပေးနေသော အသင်းအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ပြည်သူ့အခြေပြုပညာရေးကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ အုပ်ချုပ်ရေးကောင်စီ (IEC) ၏ ပညာရေးဌာန မဖွဲ့စည်းမီကတည်းက ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) ၏ ပညာရေးကော်မတီအနေဖြင့် အထက်တွင်ဖော်ပြထားသော အစုအဖွဲ့များနှင့် ပူးပေါင်း၍ပညာရေးလုပ်ငန်းများကို စတင်လည်ပတ်ခဲ့ခြင်းဖြစ်ပါသည်။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ပညာရေးကော်မတီစတင်ဖွဲ့စည်းသည့် အချိန်တည်းကပင် ကြားကာလအတွင်း တာဝန်ထမ်းဆောင်သော ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ သင်ကြားမှုစနစ်များ၊ မိခင်ဘာသာစကားအခြေပြု သင်ကြားရေးစနစ်နှင့် သင်ရိုးများကိုအသိအမှတ်ပြု လက်ခံထားရှိပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်သည့်ကာလတွင် အသက်အရွယ်အလိုက် အတန်းပညာများပြန်လည် သင်ကြားနိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

မိမိတို့ ပညာရေးဌာနအနေဖြင့် ဌာနစတင်ဖွဲ့စည်းသည့်အချိန်မှစ၍

၁။ ပြည်နယ်အတွင်းရှိ ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူ့အခြေပြုကျောင်းများအား စာရင်းပြုစုခြင်း၊

၂။ နိုင်ငံတကာအလှူရှင်များဖြင့် ဆက်သွယ်ခြင်းနှင့် နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

၃။ ကျောင်းများသို့ ကွင်းဆင်းလည်ပတ်ခြင်း၊

၄။ ဆရာ၊ ဆရာမ ထောက်ပံ့ကြေးရရှိရန် ဆောင်ရွက်ခြင်း၊

၅။ ကျောင်းသင်ထောက်ကူပစ္စည်းနှင့် ဖတ်စာအုပ်များကို ထုတ်ဝေခြင်း၊

၆။ ဆရာအတတ်သင် သင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဆောင်ရွက်ခြင်း၊

၇။ မဟာမိတ်များဖြင့် သင်ရိုးညွှန်းတမ်းများပြင်ဆင်ခြင်းနှင့် ပညာရေးမူဝါဒများကို ရေးဆွဲပြင်ဆင်ခြင်း၊

၈။ လစဉ်ပညာရေး ညှိနှိုင်းအစည်းအဝေးများ လုပ်ဆောင်ခြင်းနှင့် ပညာရေးလုပ်ငန်းဆိုင်ရာ ထုတ်ပြန်ချက်များ၊ ထုတ်ပြန်လမ်းညွှန်ခြင်းများအား လုပ်ဆောင်လျက်ရှိပါသည်။

၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာရေးနှစ်အတွင်း ပညာရေးဌာနအနေဖြင့် ပညာရေးအစုအဖွဲ့များနှင့် မြေပြင်တွေ့ဆုံပွဲ စုစုပေါင်း (၂) ကြိမ် တွေ့ဆုံခဲ့ပြီး အွန်လိုင်းဖြင့် (၄) ကြိမ် တွေ့ဆုံခဲ့ပါသည်။ မြေပြင်တွေ့ဆုံပွဲမှ ပညာရေးအစုအဖွဲ့များ၏ ဘုံသဘောတူညီချက်ဖြင့် Karenni State Education Coordination Group (KSECG) ကို ဖွဲ့စည်းခဲ့ပြီး (၂) လလျှင်တစ်ကြိမ် အွန်လိုင်းဖြင့်လည်းကောင်း (၆) လလျှင်တစ်ကြိမ် မြေပြင်တွေ့ဆုံမှုဖြင့်လည်းကောင်း အစည်းအဝေး များတွေ့ဆုံပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်နယ်အတွင်း ကြားကာလပညာရေး အားကောင်းစေရေးအတွက် စုပေါင်းလုပ်ဆောင်နိုင်ရန် ဆွေးနွေးခြင်းများအပြင် ပညာရေး Donor Mapping များချမှတ်ခြင်း စသည့်လုပ်ငန်းများကို လည်းဆောင်ရွက်ခဲ့ပါသည်။

**၅။ ၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်တွင် ပံ့ပိုးကူညီခဲ့သောကျောင်းများစာရင်း**

| စဉ် | မြို့နယ်အမည် | ကျောင်းအရေအတွက် | ဆရာ၊ဆရာမဦးရေ | ကျောင်းသူ၊ကျောင်းသားဦးရေ |
|---|---|---|---|---|
| ၁။ | လွိုင်ကော် မြို့နယ် | ၃၂ | ၂၄၉ | ၂,၇၀၇ |
| ၂။ | ဒီးမော့ဆို မြို့နယ် | ၁၁၈ | ၁,၃၄၄ | ၁၅,၄၅၂ |
| ၃။ | ဖရူဆို မြို့နယ် | ၁၁၂ | ၈၃၇ | ၉,၈၁၉ |
| ၄။ | ဆိုမို/ပရယ်သိုးလေး မြို့နယ် | ၂၁ | ၁၁၂ | ၂,၁၆၅ |
| ၅။ | မယ်စဲ့ မြို့နယ် | ၁၉ | ၁၄၅ | ၂,၀၃၈ |
| ၆။ | ဖားဆောင်း မြို့နယ် | ၅၉ | ၃၀၀ | ၃,၃၂၂ |
| | **စုစုပေါင်း** | **၃၆၁** | **၂၇၈၇** | **၃၅၅၀၃** |

**ဖော်ပြပါမြို့နယ်နာမည်များသည် ပြည်ထဲရေးဌာနမှ မြို့နယ်များဖွဲ့စည်းမှုမပြီးသေးခင် နာမည်များဖြစ်ပါသည်။**

## ၆။ CDM များ၏ ပါဝင်မှုနှင့် မြို့နယ်အဆင့် ပညာရေး ရွေးကောက်ပွဲများဆောင်ရွက်ခြင်း

ပညာရေးဌာနအား CDM များ၊ တိုင်းရင်းသားပညာရေးအစုအဖွဲ့များ၏အင်အားဖြင့် ဖွဲ့စည်းထားပြီး ဌာန၏ ဝန်ထမ်း (၇၀%) သည် CDM များဖြစ်ပါသည်။ ကရင်နီပြည်၏ ပညာရေးလုပ်ငန်းခွင်တွင် အခြေခံပညာကဏ္ဍ၌ ပြန်လည်တာဝန်ထမ်းဆောင်သော CDM ဆရာ၊ ဆရာမ စုစုပေါင်း (၁,၂၇၆) ဦးရှိပြီး စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမ စုစုပေါင်း (၃,၀၇၇) ဦးတို့သည် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ အဆင့်မြင့်နှင့် သက်မွေးကဏ္ဍများ၌ CDM ဆရာ၊ ဆရာမ စုစုပေါင်း (၈၃) ဦးတို့သည်လည်း ပညာရေးလုပ်ငန်းများတွင် တာဝန်ယူလျက်ရှိပါသည်။




**“မှတ်ချက်။ ။ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် ချိတ်ဆက်ကာ ရယူထားသည့် အချက်အလက်များဖြစ်သည်။”**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ပညာရေးဌာနအနေဖြင့် CDM ဆရာ၊ ဆရာမများအား ဖိတ်ခေါ်ခြင်း လွိုင်ကော်မြို့တိုက်ပွဲအတွင်း ပြောင်းရွှေ့လာကြသော ကျောင်းသူ၊ ကျောင်းသားများ၏ ပညာသင်ကြားခွင့် မဆုံးရှုံးစေရေး အတွက် မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် ပူးပေါင်းဆွေးနွေးပြီး ဆောင်ရွက်ခဲ့ပါသည်။

## မြို့နယ်အဆင့် ပညာရေး ရွေးကောက်ပွဲများဆောင်ရွက်ခြင်း

ကရင်နီပြည်၏ ကြားကာလအစီအမံအရ ဖွဲ့စည်းပြီးသောမြို့နယ်များတွင် မြို့နယ်ပညာရေးလုပ်ငန်းများကို ပိုမိုတိုးတက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်များတွင် မြို့နယ်ပညာရေးမှူး ရွေးကောက်ပွဲများကို bottom-up ပုံစံဖြင့် အဆင့်ဆင့်ရွေးကောက်တင်မြှောက်စေပြီး မဲအနိုင်ရရှိသောကိုယ်စားလှယ်များကို အုပ်ချုပ်ရေးကောင်စီ ပညာရေးဌာနမှ မြို့နယ်ပညာရေးမှူးများအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ပါသည်။ လက်ရှိတွင် မြို့နယ် (၈) မြို့နယ်တွင် မြို့နယ်ပညာရေးမှူးများ ရွေးချယ်ပြီးစီးခဲ့ပြီး ကျန်ရှိနေသောမြို့နယ်များတွင်လည်း ဆက်လက်ရွေးချယ်သွားရန်ရှိပါသည်။

### ရွေးချယ်တင်မြှောက်ခံရသော မြို့နယ်ပညာရေးမှူးများစာရင်း


| စဉ် | မြို့နယ်အမည် | အမည် | ခန့်အပ်သည့်ရာထူး |
|---|---|---|---|
| ၁ | ဒီးမော့ဆို (အရှေ့) မြို့နယ် | ခူးဆော်ရယ် | မြို့နယ်ပညာရေးမှူး |
| ၂ | လွိုင်နန်းဖ မြို့နယ် | စောမောဘူးလီး | မြို့နယ်ပညာရေးမှူး |
| ၃ | နန်းမယ်ခုံ မြို့နယ် | ခွန်းကာကာ | မြို့နယ်ပညာရေးမှူး |
| ၄ | ကေးလျား မြို့နယ် | ခူးဗျားရယ် | မြို့နယ်ပညာရေးမှူး |
| ၅ | ဟူဘော မြို့နယ် | ရိုစ့်နော်မူးရာဖော | မြို့နယ်ပညာရေးမှူး |
| ၆ | ဖွံဘော်ခွတ် မြို့နယ် | ဒေါ်မိုးပြည့် | မြို့နယ်ပညာရေးမှူး |
| ၇ | ဟိုယာ မြို့နယ် | ဂျူးလီယာ | မြို့နယ်ပညာရေးမှူး |
| ၈ | ဆိုမို/ ပရယ်သိုးလေးမြို့နယ် | ခူးငါးရယ် | မြို့နယ်ပညာရေးမှူး |

## ၇။ ပညာရေးကဏ္ဍတွင် အမျိုးသမီးများပါဝင်မှု

| | တာဝန် | ကျား | မ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဌာနမှူးကြီး | | ၁ | လက်ရှိတွင် ပညာရေးဌာန၏ (၆၀%) သော ခေါင်းဆောင်မှုနေရာများ၌ အမျိုးသမီးခေါင်းဆောင်များတာဝန်ယူလျက်ရှိပြီး ကျန်သော (၄၀%) သည် အမျိုးသားများဖြစ်သည်။ |
| ၂ | ဒုဌာနမှူး (၁) | ၁ | | |
| ၃ | ဒုဌာနမှူး (၂) | ၁ | | |
| ၄ | ဒုဌာနမှူး (၃) | ၁ | | |
| ၅ | အထွေထွေညွှန်ကြားရေးမှူး | | ၁ | |
| ၆ | ညွှန်ကြားရေးမှူး (အဆင့်မြင့်) | | ၁ | |
| ၇ | ညွှန်ကြားရေးမှူး (အခြေခံ) | ၁ | | |
| ၈ | ရုံးအုပ် | | ၁ | |
| ၉ | ဦးစီးအရာရှိ (၁) စီမံ | | ၁ | |
| ၁၀ | ဦးစီးအရာရှိ (၂) Data management | | ၁ | |
| ၁၁ | မြို့နယ်ပညာရေးမှူးများ | ၅ | ၃ | လက်ရှိအချိန်ထိ မြို့နယ် (၈) မြို့နယ်တွင် မြို့နယ်ပညာရေးမှူးများကို ရွေးချယ်တင်မြှောက်ထားပြီး (၆၂.၅%) သော ရွေးချယ်တင်မြှောက်ခံရသည့် မြို့နယ်ပညာရေးမှူးများသည် အမျိုးသားများဖြစ်ကာ ကျန်သော (၃၇.၅%)သည် အမျိုးသမီး မြို့နယ်ပညာရေးမှူးများဖြစ်ကြသည်။ |
| ၁၂ | ကျောင်းဆရာ/မများ | ၄၀၂ | ၂၃၈၅ | သင်ကြားရေးပိုင်းတွင် (၈၅.၅၈%) သည်အမျိုးသမီးများဖြစ်ကြပြီး၊ (၁၄.၄၂%) သည် အမျိုးသားများဖြစ်သည်။ |

## ၈။ ပံ့ပိုးကူညီမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ

### ၈.၁။ ပညာရေးဌာန၏ တစ်နှစ်အတွင်း လက်ခံရရှိသည့်ဝင်ငွေ ( စက်တင်ဘာ ၂၀၂၃- စက်တင်ဘာ ၂၀၂၄)




Interim Executive Council of Karenni State

၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွင်း ပညာရေးဌာနအနေဖြင့် အလှူရှင်များထံမှရရှိငွေနှင့် ပြည်သူ့ဘဏ္ဍာငွေအခွန်မှ ရရှိငွေစုစုပေါင်း (၁,၄၅၄,၄၁၄,၉၀၀) ကျပ်ကိုလက်ခံရရှိခဲ့ပြီး ကရင်နီပြည်ပညာရေးလုပ်ငန်းများအတွက် အောက်ပါအတိုင်း အသုံးပြုခဲ့ပါသည်။



### ၈.၂။ စာသင်ကျောင်းများအား ထောက်ပံ့ခြင်း

မိမိတို့ပညာရေးဌာနအနေဖြင့် တရားမဝင်အာဏာသိမ်းစစ်တပ်၏ ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံရသော ကျောင်းများပြန်လည် တည်ဆောက်ရေးနှင့် နေရာရွှေ့ပြောင်းဖွင့်လှစ်ထားသော မြို့နယ် (၆) မြို့နယ်ရှိ ကျောင်းပေါင်း (၁၁၁) ကျောင်းအား ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ပါသည်။

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်မှ စ၍ ပြည်သူ့အခြေပြု ပညာရေးကျောင်းများရှိ ဆရာ၊ ဆရာမများအား ထောက်ပံ့ကြေးပေးရန်အတွက် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) ၏ ပညာရေးဌာနနှင့် ဆယ်သဲဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မြို့နယ်များကွင်းဆင်းကာ ဆရာ၊ ဆရာမ တစ်ဦးလျှင် တစ်လ (၁၅၀,၀၀၀) ကျပ် တိတိကို ဆရာ၊ ဆရာမ (၂,၇၈၇) ဦးတို့အားထောက်ပံ့ပေးခဲ့ပါသည်။ ကွင်းဆင်းရာ၌ မြေပြင်ဆရာ၊ ဆရာမများ၏ အခက်အခဲများ၊ လိုအပ်ချက်များအတွက် အုပ်ချုပ်ရေးကောင်စီ၏ ပညာရေးဌာနနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ပညာရေးဌာန၏ လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးတင်ပြခဲ့ပါသည်။

| စဉ် | မြို့နယ် | ကျောင်းပေါင်း | ကျောင်းသူ/သားစာရင်း | ဆရာ/မစာရင်း |
|---|---|---|---|---|
| ၁ | လွိုင်ကော်မြို့နယ် | ၅၄ ကျောင်း | ၆,၀၇၀ ဦး | ၄၂၈ ဦး |
| ၂ | ဆိုမို/ ပရယ်သိုးလေးမြို့နယ် | ၂၆ ကျောင်း | ၁,၆၀၁ ဦး | ၁၄၆ ဦး |
| ၃ | ဒီးမော့ဆို(အရှေ့)မြို့နယ်၊ နန်းမယ်ခုံမြို့နယ်၊ လွိုင်နန်းဖမြို့နယ်၊ ဒီးဘောင်းခူ မြို့နယ် | ၁၅၅ ကျောင်း | ၂၂,၅၆၀ ဦး | ၁,၆၉၇ ဦး |
| ၄ | ဟိုယာမြို့နယ်၊ ဟူဘောမြို့နယ်၊ ကေးလျားမြို့နယ်၊ ဖွံဘော်ခွတ်မြို့နယ် | ၁၁၆ ကျောင်း | ၁၀,၅၂၇ ဦး | ၉၃၉ ဦး |
| ၅ | ဘောဟူဒဲမြို့နယ်၊ လိုမူခိုမြို့နယ်၊ ပေါ်ဝေါ် မြို့နယ် | ၆၇ ကျောင်း | ၅,၂၅၇ ဦး | ၄၁၁ ဦး |
| ၆ | မယ်စဲ့မြို့နယ် | ၂၈ ကျောင်း | ၃,၁၁၀ ဦး | ၂၀၃ ဦး |
| ၇ | ရွာသစ်မြို့နယ် | ၁ ကျောင်း | ၈၁ ဦး | ၁၂ ဦး |
| ၈ | ဖယ်ခုံမြို့နယ် | ၇၇ ကျောင်း | ၁၂,၂၂၂ဦး | ၇၅၂ ဦး |
| | **စုစုပေါင်း** | **၅၂၄ ကျောင်း** | **၆၁,၄၂၈ ဦး** | **၄,၅၈၈ ဦး** |

**အထက်ဖော်ပြပါဇယားသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ပံ့ပိုးဆောင်ရွက်သွားမည့် ကျောင်းစာရင်းများဖြစ်သည်။**


## ၉။ အဆင့်မြင့်ပညာ အခန်းကဏ္ဍဆောင်ရွက်မှုများ

၂၀၂၃ ခုနှစ်အတွင်း အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် လက်ရှိကရင်နီတွင်ဖွင့်လှစ်ထားသော အဆင့်မြင့်ကျောင်းများ၏ ကိုယ်စားပြုမှုပါဝင်သော အဆင့်မြင့်ပညာမူဝါဒရေးဆွဲရေးကော်မတီကို ဖွဲ့စည်းနိုင်ရန်အတွက် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (KSCC) ထံသို့ တင်ပြဖွဲ့စည်းခဲ့ပြီး မူဝါဒမူကြမ်းရေးဆွဲပြင်ဆင်မှုကို လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် အဆင့်မြင့်ပညာကို ဖော်ဆောင်နေသည့် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်များနှင့်တွေ့ဆုံပြီး တက္ကသိုလ်ဝင်ခွင့်၊ ကျောင်းသားခေါ်ယူရေး၊ ကျောင်းနေရာရရှိရေး၊ ကျောင်းဆောင်ဆောက်လုပ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး CDM တက္ကသိုလ် ကျောင်းသား/သူများအား အဆင့်မြင့်ပညာဆက်လက် ပညာသင်ခွင့်ရရှိရန် ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်တက်ရောက်ဆဲ (CDM) ကျောင်းသား/သူများ ပညာဆက်လက်သင်ကြားခွင့်ရရှိစေရေးအတွက် စာရင်းကောက်ယူပြုစုခဲ့ရာ ကျောင်းသား/သူပေါင်း (၆၀၀) ကျော် စာရင်းကောက်ယူရရှိခဲ့ပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များနှင့်ချိတ်ဆက်၍ ပညာသင်ကြားခွင့်ဆက်လက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။

ဖန်းဆော်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်ပြီး ပထမအသုတ် (ဒုတိယနှစ်ဝက်တက်ရန် ကျန်သောကျောင်းသူ/ကျောင်းသားများ) အောင်မြင်စွာ ကျောင်းဖွင့်လှစ်နိုင်ခဲ့သည်။ ထို့အပြင် အုပ်ချုပ်ရေးကောင်စီ၏ ပညာရေးဌာနနှင့် ဖန်းဆော်တက္ကသိုလ်တို့ ပူးပေါင်း၍ Grade-12 သင်ရိုးသစ်သင်တန်းကို မြို့နယ်အသီးသီးမှ အထက်တန်းပြဆရာ ဆရာမ (၂၃၅) ဦးအား (၅) ရက် သင်တန်းဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ကြားကာလအတွင်း ကရင်နီပြည်တွင် အဆင့်မြင့်ပညာသင်ကြားနေသည့်ကျောင်းပေါင်း (၈) ကျောင်းဝန်းကျင်ခန့်ရှိပြီး တစ်နှစ်လျှင် ကျောင်းသူ၊ ကျောင်းသားပေါင်း (၆၀၀) နီးပါးခန့်သည် အဆင့်မြင့်ပညာရေးကို လက်လှမ်းမီခွင့် ရရှိနေပါသည်။

**၂၀၂၃-၂၄ ပညာသင်နှစ် / ၂၇.၇.၂၀၂၄ မှာသင်တန်းဆင်းလက်မှတ်ပေး/(၁ )နှစ်သင်တန်း**

**Education Degree College of Karenni (EDCK)**




**စုစုပေါင်း (၅၇) ဦး**

အဆင့်မြင့်ပညာရေးဌာနခွဲမှ ပြည်သူ့အခြေပြုအခြေခံပညာကျောင်းများရှိ ဆရာ/ဆရာမများ၏ လိုအပ်ချက်များကို ဖြည့်တင်းနိုင်ရန်အတွက် ပညာရေးကောလိပ်မှ ၂၃/၁၈ ဒုတိယနှစ်၊ ဒုတိယနှစ်ဝက် တက်ရန်ကျန်သော CDM ကျောင်းသူ/ကျောင်းသားများအတွက် ပညာရေးဒီဂရီကောလိပ်ကို ၂၀၂၄ ခုနှစ်အတွင်း သင်တန်းဖွင့်လှစ်နိုင်ရန် ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ကရင်နီပညာရေးဒီဂရီကောလိပ် (EDCK) မှ သင်တန်းဆင်းဆရာ/ဆရာမ (၅၇) ဦးကိုလည်း ပြည်သူ့အခြေပြု အခြေခံပညာကျောင်းများသို့ ဆရာ/ဆရာမ များအဖြစ် တာဝန်ပေးခန့်အပ်နိုင်ရန်အတွက် ကရင်နီပညာရေး ဒီဂရီကောလိပ်နှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့သည်။

## ၁၀။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပညာရေးဌာနအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် ကဏ္ဍအလိုက်ချိတ်ဆက်မှုများကို ဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကြောင်းပညာရေးလုပ်ငန်းများအတွက် မူဝါဒဆိုင်ရာချိတ်ဆက်ဆောင်ရွက်မှုများ၊ ငွေကြေးဆိုင်ရာထောက်ပံ့မှုများကို လက်ခံရရှိခဲ့သည်။

၂၀၂၃ ခုနှစ်တွင် အခြေခံပညာကဏ္ဍ၌ ကရင်နီပြည်ရှိ အခြေခံကျောင်းများအတွက် ကျောင်းသား (၅၀) လျှင် (၁၅၀,၀၀၀) ကျပ်နှုန်းဖြင့် ကျောင်းကိုသော်လည်းကောင်း၊ အခြေခံပညာအထက်တန်းပြီးမြောက်ကြောင်း စစ်ဆေးခြင်းအတွက် နည်းပညာအားဖြင့်သော်လည်းကောင်း၊ စစ်ဆေးသည့်စာစစ်ဌာနများအား ကုန်ကျစရိတ် ထောက်ပံ့ပေးခြင်းအားဖြင့်သော်လည်းကောင်း ပူးတွဲဆောင်ရွက်ခဲ့သည်။ ထို့အပြင် အဆင့်မြင့်ပညာအတွက် လိုအပ်သည့် ဖက်ဒရယ်ဘတ်ဂျက်ခွဲတမ်းများကိုလည်း တတ်နိုင်သမျှကူညီပံ့ပိုးပေးခဲ့သည်။

ရှေ့ဆက်တွင် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍအတွက် လိုအပ်သည့်လုပ်ငန်းချိတ်ဆက်မှုများ သင်တန်းများကို ပူးတွဲအကောင်အထည်ဖော်ရန် ဆွေးနွေးထားရှိပြီး ကရင်နီပြည်ပညာရေး တိုးတက်မြင့်မားလာ စေရန်အတွက် ပုံမှန်ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်လည်း ပြင်ဆင်ထားလျက်ရှိပါသည်။

ထို့ပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ အခြေခံပညာရေးတွင် မြို့နယ်ဘုတ်များနှင့် BECA ဖြေဆိုနိုင်ရေး၊ ဆရာအတတ်သင် သင်တန်းများ၊ လေကြောင်းရန်ကာကွယ်ရေးလုပ်ငန်းများ၊ မူဝါဒကိစ္စများကိုလည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

### ၁၁။ စိန်ခေါ်မှုများ

ပညာရေးဌာနသည် ပညာရေးလွတ်လပ်ခွင့်နှင့် ကလေးသူငယ်များ ပညာသင်ကြားခွင့် မဆုံးရှုံးစေရေးအတွက် ပညာရေးလုပ်ငန်းများကို သက်ဆိုင်ရာပညာရေးအစုအဖွဲ့များနှင့် ပူပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ပညာရေး ဖော်ဆောင်မှုအတွက် အခက်အခဲစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ ပြည်နယ်အတွင်း အခြေခံပညာ အခန်းကဏ္ဍတွင်သော်လည်းကောင်း၊ အဆင့်မြင့်ပညာရေးအခန်းကဏ္ဍတွင်သော်လည်ကောင်း လုပ်ငန်းဖော်ဆောင် နိုင်မှုများ အားကောင်းနေသော်လည်း လူသားအရင်းအမြစ်မလုံလောက်မှုများ၊ ဘဏ္ဍာရေးလိုအပ်ချက်များ၊ သင်ထောက်ကူပစ္စည်းမလုံလောက်မှုများစသော စိန်ခေါ်မှုများကိုရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ ပညာရေးလုပ်ငန်း ဆောင်ရွက်မှုတွင် ဆက်သွယ်ရေးအကန့်အသတ်နှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် လုံခြုံရေးအခြေအနေ တို့သည် လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဟန့်အတားဖြစ်စေသည်။

အကြီးမားဆုံးစိန်ခေါ်မှုမှာ လုံခြုံရေးဖြစ်ပြီး တရားမဝင်အာဏာသိမ်းစစ်တပ်မှ စာသင်ကျောင်းများကို ပစ်မှတ် ထား၍ တိုက်ခိုက်မှုကြောင့် အာဏာသိမ်း (၃) နှစ်ကျော်ကာလအတွင်း ကရင်နီပြည်အတွင်း၌ လက်နက်ကြီးနှင့် လေယာဉ်ဗုံးကြဲမှုကြောင့်ပျက်စီးခဲ့ရသည့် ကျောင်းပေါင်းအနည်းဆုံး (၁၂) ကျောင်းရှိခဲ့ပါသည်။ ကျောင်းသား၊ ကျောင်းသူ (၁၃) ဦး နှင့် ပညာရေးဝန်ထမ်း (၅) ဦးတို့သည်လည်း ထိခိုက်သေဆုံးခဲ့ရပြီး CDM ပညာရေးဝန်ထမ်း (၆) ဦးတို့သည် မတရားဖမ်းဆီးအကျဉ်းချခံထားရသည်။ များပြားလှသော စိန်ခေါ်မှုများကြားမှ ပညာရေးကဏ္ဍဆက်လက် အားကောင်းစွာ လည်ပတ်နိုင်ရန် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပညာရေးဌာနမှ ကြိုးပမ်းလုပ် ဆောင်လျက်ရှိပါသည်။




**မှတ်ချက်။ ပျက်စီးသွားသော ကျောင်းအရေအတွက်သည် လုံခြုံရေးအခက်အခဲကြောင့် အတည်ပြုရန် ခက်ခဲနေ သဖြင့် ယခုထက်ပိုသော ကိန်းဂဏန်းများလည်း ရှိနိုင်သည်။**

## ၁၂။ ရှေ့လုပ်ငန်းစဉ်

ထိရောက်သော ဖက်ဒရယ်ပညာရေးစနစ်ကို ဖော်ဆောင်ရန် ကြားကာလအုပ်ချုပ်ရေးကောင်စီ ပညာရေးဌာနမှ အထက်တွင်ဖော်ပြထားသော ရည်ရွယ်ချက်များနှင့်အညီ ဆက်လက်ပြီးအကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။ ပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်းတွင် အကျပ်အတည်းများကြားမှ ကျောင်းသူ၊ကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများရရှိစေရန် ကရင်နီပြည်အတွင်းရှိ မိဘပြည်သူများ၊ ပညာရေးအစုအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ပညာရေးကိုအဖက်ဖက်မှ အားကောင်းလာစေရန် ဆောင်ရွက်ခဲ့ပါသည်။ အနာဂတ်တွင်ပညာရေးကဏ္ဍဆက်လက်ပြီး ပိုမိုအားကောင်းစွာ ရှေ့ဆက်နိုင်ရန်အတွက်

၁။ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ၏ ထောက်ပံ့ကြေးပေးအပ်ခြင်းအပြင် အခြေခံအဆောက်အအုံနှင့် သင်ကြားရေး ပစ္စည်းများကို ဆက်လက်ထောက်ပံ့ပေးနိုင်စေရန်အတွက် ဦးစားပေးဆောင်ရွက်မည်။

၂။ အနာဂတ်တွင် အဆင့်မြင့်ပညာရေးတွင် ပိုမိုထိရောက်သော ပညာရေးစနစ်ကိုပေးအပ်နိုင်ရန် ကရင်နီပြည်ရှိ အဆင့်မြင့်ပညာရေးကို သင်ကြားပို့ချပေးနေသောကျောင်းများနှင့် ချိတ်ဆက်ပူးပေါင်းပြီး ဘာသာရပ်ပေါင်းစုံ တက္ကသိုလ် (Comprehensive University) တစ်ခုကို စတင်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်မည်။

၃။ မိမိတို့ပညာရေးဌာနမှ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၊ အဆင့်မြင့်ကျောင်းများ၊ Alternative ကျောင်းများ နှင့် လက်တွဲလျက် အဆင့်မြင့်ပညာရေးမူဝါဒ တစ်ခုထွက်ပေါ်လာရန် ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်မည်။

၄။ ပညာရေးဌာနနေဖြင့် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး အလုံးစုံလွှမ်းခြုံနိုင်သော အရည်အသွေးစံနှုန်းများရှိပြီး ကျောင်းသားဗဟိုပြုနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ပံ့ပိုးပေးရန်ရည်ရွယ်သည့် ကရင်နီသင်ရိုးညွှန်းတမ်းစံ သတ်မှတ်ချက်မူဘောင် (Karenni Curriculum Standard Framework) နှင့် ဆရာအတတ်သင် စံသတ်မှတ်ချက်မူဘောင် (Teacher Competency Standard Framework) ကို ပညာရေးအဖွဲ့အစည်းများ ပညာရှင်များ၏ပံ့ပိုးကူညီမှုဖြင့် ပူးပေါင်းညှိနှိုင်း၍ဖော်ဆောင်သွားမည်။

၅။ ထို့အပြင် ပညာရေးဌာနသည် ပညာရေးဆိုင်ရာအစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ ဆရာအတတ်သင် ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆရာများ၊ မိဘများ၊ ရပ်ရွာများနှင့် လုပ်ဖော်ကိုင်ဖက်များ၏ ပံ့ပိုးကူညီမှုဖြင့် ကရင်နီပြည်အတွင်း လူတိုင်းအကြုံးဝင်ပြီး ပိုမိုကောင်းမွန်သော ပညာရေးစနစ်ကို ပံ့ပိုးဆောင်ရွက်သွားပါမည်။

## ၁၃။ နိဂုံး

ပညာရေးဌာနအနေဖြင့် တစ်နှစ်တာအတွင်း လုပ်ဆောင်ခဲ့သော ပညာရေးလုပ်ငန်းများကို ကံ၊ ဉာဏ်၊ ဝီရိယများ စိုက်ထုတ်၍ ဆောင်ရွက်ခဲ့သော်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။ ပညာရေးဌာနဖွဲ့စည်းပြီး တစ်နှစ်ပြည့်သည့်အချိန်တွင် အထက်ဖော်ပြပါ ပညာရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရန် အကောင်းဆုံးအကောင်အထည်ဖော်ခဲ့သော်လည်း ပြည်သူ့အခြေပြုကျောင်းများတွင် သင်ကြားပေးနေသော ဆရာ၊ဆရာမများ အားလုံးအတွက် ပံ့ပိုးနိုင်မှုမှာလွှမ်းခြုံနိုင်မှုမရှိသေးပေ။ သို့ဖြစ်၍ အနာဂတ်တွင် အကူအညီအထောက်အပံ့များ ပေးအပ်နိုင်ရေးအတွက် မိမိတို့ ပညာရေးဌာနမှ ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တော်လှန်ရေးကာလအတွင်း ကရင်နီပြည်နယ်၏ ပညာရေးအတွက် အဖက်ဖက်မှကူညီပံ့ပိုးခဲ့သော ပြည်တွင်း၊ ပြည်ပအလှူရှင်အဖွဲ့အစည်းများ ၊ ပညာရေးအစုအဖွဲ့များ၊ ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက်မြေနေရာ၊ သစ်၊ ဝါးများကို လှူဒါန်းပေးသော ဒေသခံမိဘပြည်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပညာရေးဌာနမှမှတ်တမ်းတင်အပ်ပါသည်။ ဆက်လက်၍ ကရင်နီပြည်နယ်အတွင်းရှိ မိဘပြည်သူများ၊ ပညာရေးအစုဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ (INGO/NGO)၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ပညာရေးကဏ္ဍအတွက် လိုအပ်သောအကြံအဉာဏ်ကောင်းများ၊ အထောက်အပံ့များကို ဆက်လက်ကူညီပံ့ပိုးပေးကြပါရန် တင်ပြအပ်ပါသည်။ ထို့အပြင် အဆင့်မြင့်၊ အခြေခံနှင့် သက်မွေးကျောင်းများ ဆက်လက်လည်ပတ်နိုင်ရန်အတွက် ပညာရေးဌာနနှင့်အတူ ပညာရေးဖော်ဆောင်နေသောအစုအဖွဲ့များ ၊ အလှူရှင်များ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်မှုဖြင့်သာ မိမိတို့တည်ဆောက်လိုသော လွတ်လပ်တရားမျှတသော ဖက်ဒရယ်ပြည်ထောင်စုနှင့်အတူ အရည်အသွေးမြင့်မားသော ပညာရေးစနစ်သစ်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

Interim Executive Council
Of Karenni State